"ပြည်သူ့ကာကွယ်ရေးတပ်မတော် သစ္စာအဓိဋ္ဌာန် (၄) ချက်"

၁။ ငါတို့သည် ပြည်ထောင်စုနှင့် ပြည်ထောင်စုသားများအပေါ် သစ္စာစောင့်သိပါမည်။

၂။ ငါတို့သည် ဖက်ဒရယ်ဒီမိုကရေစီတိုက်ပွဲအတွင်းကျဆုံးခဲ့ရသော သူရဲကောင်းများကို သစ္စာစောင့်သိပါမည်။

၃။ ငါတို့သည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပါမည်။

၄။ ငါတို့သည် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ငါတို့၏အသက်ကိုပွန်လွှတ်ရန် အဓိဋ္ဌာန်ပြုပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားညီညွတ်ရေးအစိုးရ အပတ်စဉ်သတင်းထုတ်ပြန်ချက် (၂၀/၂၀၂၁)

အမှတ်စဉ် (၂၀/၂၀၂၁) http://www.nugmyanmar.org ၂၀၂၁ခုနှစ်၊ မေလ (၂၂) ရက်။

၁။ နွေဦးဖွံ့ဖြိုးရေးဘဏ် တည်ထောင်ရေး အထူးလိုအပ်ဟု NUG ယာယီသမ္မတ ပြောကြား (စာမျက်နှာ ၂)

၅။ မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် ရိုဟင်ဂျာလူမျိုး ရာနှင့်ချီသေဆုံးခဲ့ခြင်းမှာ လွတ်လပ်စွာ သွားလာခွင့် မရဘဲ စခန်းများကို ထိန်းချုပ်ထားခြင်းကြောင့်ဟု NUG ပြော (စာမျက်နှာ (၃)

၄။ အာဆီယံဥက္ကဋ္ဌအနေဖြင့် အာဆီယံခေါင်းဆောင်များ ချမှတ်ခဲ့သည့် ကတိကဝတ်အား ပိုမိုတိုးတက်ရေး အကောင်အထည်ဖော်ရန်လိုအပ် (စာမျက်နှာ (၃)

၇။ နိုင်ငံတကာအနေဖြင့် မုန်တိုင်းဒဏ်ခံ ပြည်သူများကို ကူညီကယ်ဆယ်ရေး ပူးပေါင်း ဆောင်ရွက်ပေးရန် NUG အစိုးရဖိတ်ခေါ် (စာမျက်နှာ (၄)

အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့သတင်း

၁။ နွေဦးဖွံ့ဖြိုးရေးဘဏ်တည်ထောင်ရေး အထူးလိုအပ်ဟု NUG ယာယီသမ္မတ ပြောကြား

နွေဦးတော်လှန်ရေးသည် စိတ်ဓာတ်လည်းလိုအပ်သကဲ့သို့ ဘဏ္ဍာငွေအင်အားလည်း လိုအပ်ကြောင်း၊ လက်တွေ့အောင်မြင်မှုရလဒ်များကို အကောင်အထည်ဖော်နိုင်ရန် ဘဏ္ဍာရေးကိစ္စကို အထူးတလည် စဉ်းစားကြရမည်ဖြစ်ကြောင်း၊ နွေဦးဖွံ့ဖြိုးရေးဘဏ်သည် တော်လှန်ရေးသက်လုံကို ဖြည့်ပေးမည့် ဘဏ္ဍာရေး ဒေါက်တိုင်တစ်ခုဖြစ်ရန်လိုသလို၊ ပြည်သူလူထုအတွက် ဓနဥစ္စာလုံခြုံရေးကို ကူညီအားဖြည့် ပေးမည့် ဘဏ္ဍာရေးထီးရိပ်ဖြစ်ဖို့လည်း အထူးလိုအပ်ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ ယာယီသမ္မတ ဒူဝါလရှီးလ က မေလ ၁၆ ရက် အမျိုးသားညီညွတ်ရေးအစိုးရ ၁၉ / ၂၀၂၃ အစိုးရအဖွဲ့အစည်းအဝေးတွင် တိုက်တွန်းပြောကြားခဲ့သည်။ https://bit.ly/41UE4JM

၂။ သဘာဝဘေးအန္တရာယ်ဘဏ္ဍာငွေကို အဆင်သင့်စီမံထားကြောင်း NUG ပြည်ထောင်စုဝန်ကြီးချုပ် ပြောကြား

သဘာဝဘေးအန္တရာယ် နောက်ဆက်တွဲကဏ္ဍများအတွက် ချက်ချင်းအသုံးပြုနိုင်ရန် သဘာဝဘေးအန္တရာယ် ဘဏ္ဍာငွေကို အဆင်သင့်စီမံထားကြောင်း၊ မုန်တိုင်းကြောင့် ထိခိုက်မှု အများဆုံးဖြစ်ခဲ့သည့် ရခိုင်ပြည်နယ်သို့ အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် သိန်း ၁၀၀၀ ကူညီပံ့ပိုးထားပြီးဖြစ်ကြောင်း၊ လိုအပ်သည်များကိုလည်း ဆက်လက်ကူညီနိုင်ရန် ချိတ်ဆက်နေကြောင်း၊ ထို့အပြင် ချင်းပြည်နယ်ဘက်မှ တာဝန်ရှိသူများကိုလည်း သီးခြားတွေ့ဆုံပြီး ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ ပြည်ထောင်စုဝန်ကြီးချုပ် မန်းဝင်းခိုင်သန်းက မေလ ၁၉ ရက် ကြားကာလ/ဗဟိုကော်မတီနှင့် မိုခါမုန်တိုင်းသင့်မြို့နယ်များ တွေ့ဆုံပွဲတွင်ပြောကြားခဲ့သည်။ https://bit.ly/3Wvh4Qj

ကာကွယ်ရေးဝန်ကြီးဌာန

၃။ စကစလက်အောက်ခံ သရက်တောစခန်းကို တိုက်ခိုက်သိမ်းပိုက်

မင်းဘူးခရိုင်၊ စလင်းမြို့နယ်တွင်းရှိ ရန်သူ့ သရက်တောရဲစခန်းကို မေလ (၁၀) ရက်နေ့ မနက် (၃) နာရီခန့်တွင် ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) မကွေးခရိုင် အမှတ် (၁) တပ်ရင်း၊ မကွေးတိုင်း ကွပ်ကဲရေးအဖွဲ့နှင့် မင်းဘူးခရိုင် အမှတ် (၅) တပ်ရင်း ပူးပေါင်းစစ်ကြောင်းများက စစ်ကြောင်းလေးကြောင်းခွဲကာ ရှေ့တိုက်ဒုံး (၃) လုံးဖြင့်တိုက်ခိုက်ခဲ့ပြီး စခန်းကို သိမ်းပိုက်ရရှိခဲ့ပြီး ရန်သူဘက်မှာ ၁၂ ဦး သေဆုံးပြီး လက်နက်နှင့် စစ်ရေးပစ္စည်းများ သိမ်းပိုက်ရရှိခဲ့ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) စစ်ရုံးချုပ်က မေ ၁၃ ရက်တွင်ထုတ်ပြန်ခဲ့သည်။ https://bit.ly/3Ix0sSt

နိုင်ငံခြားရေးဝန်ကြီးဌာန

၄။ အာဆီယံဥက္ကဋ္ဌအနေဖြင့် အာဆီယံခေါင်းဆောင်များချမှတ်ခဲ့သည့် ကတိကဝတ်အား ပိုမိုတိုးတက်ရေး အကောင်အထည်ဖော်ရန်လိုအပ်

တရားမဝင်အာဏာသိမ်းစစ်ကောင်စီက ၂၀၂၂ ခုနှစ် နိုဝင်ဘာ အာဆီယံထိပ်သီးအစည်းအဝေးများ ကျင်းပ စဉ် ကာလကတည်းက အရပ်သားများအပေါ် ဦးတည်ချက်ထားကျူးလွန်သည့်တိုက်ခိုက်မှုများကိုပိုမိုတိုးမြှင့်လုပ်ဆောင်ခဲ့ကာအာဆီယံ၏ဘုံသဘောတူညီချက်၅ချက်အားမထီမဲ့မြင်ဆက်တိုက်ပြုလုပ်ခဲ့ကြောင်း၊ ထို့ကြောင့် အာဆီယံဥက္ကဋ္ဌအနေဖြင့် ပြီးခဲ့သည့်နိုဝင်ဘာလက အာဆီယံခေါင်းဆောင်များ ချမှတ်ခဲ့သည့် ကတိကဝတ်အား အကောင်အထည်ဖော်ရန်လိုအပ်နေကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာနက မေ ၁၃ ရက်က ၄၂ ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးပွဲတွင် ထုတ်ပြန်ခဲ့သည့် အာဆီယံဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်နှင့် စပ်လျဉ်း၍ ထုတ်ပြန်ခဲ့သည်။ https://bit.ly/43f0rdT

လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဝန်ကြီးဌာန

၅။ မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် ရိုဟင်ဂျာလူမျိုး ရာနှင့်ချီသေဆုံးခဲ့ခြင်းမှာ လွတ်လပ်စွာ သွားလာခွင့် မရဘဲ စခန်းများကို ထိန်းချုပ်ထားခြင်းကြောင့်ဟု NUG ပြော

မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် ရခိုင်ပြည်နယ်၊ စစ်တွေမြို့မှ ရိုဟင်ဂျာဒုက္ခသည် ၄၀၀ ကျော် အစုလိုက် အပြုံလိုက် သေဆုံးခဲ့ရခြင်းမှာ တရားမျှတမှုမရှိဘဲ စခန်းများကို ထိန်းချုပ်ထားပြီး လွတ်လွတ်လပ်လပ်သွား လာခွင့် မပေးခဲ့ခြင်းကြောင့် ဖြစ်ကြောင်း၊ မေလ (၁၆) ရက်နေ့အထိ ကောက်ယူထားသည့် စာရင်းများအရ မုန်တိုင်း ကြောင့် သေဆုံးသူ (၄၃၅) ဦးရှိသည့်အနက် ၄၀၀ ကျော်မှာ ရိုဟင်ဂျာများဖြစ်ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ၊ လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက RFA သတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားခဲ့သည်။ https://bit.ly/3MKMGyd

၆။ ၂ နှစ်အတွင်း လူသားချင်းစာနာမှု အကူအညီအဖြစ် မြန်မာကျပ်ငွေ (၇) ဘီလီယံနီးပါး အကူညီပေးနိုင်ခဲ့

၂၀၂၁ ဧပြီ (၁၆) မှ ၂၀၂၃ မတ် (၃၁) အထိ အကြမ်းဖက်စစ်ကောင်စီကြောင့် ဘေးဒုက္ခရောက်နေကြရသော ပြည်သူများအတွက် ငွေကျပ် ၆ ဒသမ ၆ ဘီလီယံခန့် လူသားချင်းစာနာမှု အကူအညီများပေးအပ်နိုင်ခဲ့ပြီး ဝန်ကြီးဌာနက တစ်လလျှင်ပျမ်းမျှ စစ်ဘေးရှောင်ပြည်သူ (၂) သိန်းကျော်ခန့်ကို စားနပ်ရိက္ခာထောက်ပံ့ပေးနိုင်ခဲ့ကြောင်း၊ စစ်ကောင်စီနှင့် ၎င်း၏နောက်လိုက်နောက်ပါအဖွဲ့များ၏ မီးရှို့ဖျက်ဆီးမှုကြောင့် နေအိမ်များဆုံးရှုံးခဲ့ရသည့် ပြည်နယ်နှင့်တိုင်းအသီးသီးတို့မှ ဒေသခံပြည်သူများအတွက် ယာယီတဲများ ပြန်လည်ဆောက်လုပ်ပေးခြင်းကို လက်ရှိအချိန်အထိ ပြည်သူမှပြည်သူသို့လှူဒါန်းသည့် ရန်ပုံငွေဖြင့် ယာယီတဲပေါင်း (၂,၂၃၉) လုံး ဆောက်လုပ်ပေးပြီးဖြစ်ကြောင်း၊ အမျိုးသားညီညွတ်ရေးအစိုးရ လူသားချင်း စာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဝန်ကြီးဌာန၏ (၂)နှစ်အတွင်း အဓိကလုပ်ငန်းဆောင်ရွက်ချက်များနှင့် သုံးသပ်ချက်များတွင်ထုတ်ပြန်ခဲ့သည်။ https://bit.ly/3OqpuXh

၇။ နိုင်ငံတကာအနေဖြင့် မုန်တိုင်းဒဏ်ခံ ပြည်သူများကို ကူညီကယ်ဆယ်ရေး ပူးပေါင်းဆောင်ရွက်ပေးရန် NUG အစိုးရဖိတ်ခေါ်

ဆိုင်ကလုန်းမုန်တိုင်းမိုခါသည် မေလ ၁၄ ရက် ညပိုင်းတွင် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းကို ဖြတ်ကျော် ဝင်ရောက်ခဲ့ပြီး မုန်တိုင်းဒဏ်ကို ခံစားရသည့် ပြည်သူများ အများအပြား ရှိနေပြီး နိုင်ငံနေရာအနှံ့အပြားရှိ စစ်ဘေးရှောင်နှင့် ဒုက္ခသည်စခန်းများလည်း မုန်တိုင်းဒဏ်ကို ခံစားနေ ရကြောင်း၊ အကြမ်းဖက်စစ်ကောင်စီက မုန်တိုင်းဒဏ်ခံနေရသည့် ပြည်သူများကို စစ်ကြောင်းများ ထိုးနေပြီး ပိုပြီး ဆိုးဝါးသည့် အခြေအနေများဖြစ်ပေါ်စေဖို့ ဖန်တီးနေကြောင်း၊ ထို့ကြောင့် နိုင်ငံတကာအသိုင်းအဝန်းအနေဖြင့် အမျိုးသားညီညွတ်ရေးအစိုးရနှင့် အတူပူးပေါင်းပြီး ပြည်သူများကို ကူညီနိုင်ရန် ဖိတ်ခေါ်လိုက်ကြောင်း၊ အမျိုးသားညီညွတ်ရေးအစိုးရ ကလည်း ရန်ပုံငွေ ဒေါ်လာ ၁ သန်းမတည်ပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ၊ လူသားချင်းစာနာထောက်ထား ရေးနဲ့ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။ https://bit.ly/3q3mpSB

The Republic of Union of Myanmar
National Unity Government
Ministry of Humanitarian Affairs and Disaster Management
mohadm@nugmyanmar.org

Statement No. (2/2023)
May 14, 2023
Call for urgent international action to support Myanmar for emergency response to Cyclone Mocha

The powerful cyclone Mocha made its landfall through around Sittwe city, Rakhine Coastal Region with maximum wind gusts of (120) miles per hour on this morning 11:30 am local time. It was reported that there were (5) deaths and some injured cases in Rakhine, Shan, Mandalay and Ayeyarwaddy due to the cyclone and its follow-up incidents by 6:00 pm local time today.

Though it is too early to gauge the magnitude of the devastation, it is likely to bring a massive humanitarian catastrophe to Myanmar where several thousand population are in dire need of humanitarian assistance due to the inhumane suppression of the military junta and its subordinates.

Welcoming the measures and efforts taken by UN agencies and aid organizations, it is important not to miss providing relief assistances to the most vulnerable community including IDPs all over the country, particularly for those who live in the areas controlled by revolution alliances and ethnic resistance organizations. The majority of high risk areas to be affected by Mocha are no longer under the full control of the junta military such as Rakhine, Chin and most of the rural areas in Sagaing, Magway.

It is estimated that military junta will hamper rescue and humanitarian operations of humanitarian actors from reaching affected people in those areas. Using the threat of cyclone as an advantage, the junta launched military operations in Sagaing and Thanintari until May 13 causing the life-threatening situation for the IDPs.

On the other hand, as an accountable and responsible true government of Myanmar, National Unity Government (NUG) of Myanmar organized the Emergency Operation Coordination Committee (EOCC) for the effective engagement with international community and humanitarian actors in response to the potential impacts of the cyclone Mocha. We had made preparations in Sagaing, Magway, Bego, Ayeyarwaddy and Thanintari regions in collaboration with local humanitarian actors and revolution alliances. Assistance for preparedness and emergency response were also provided through local community based organisations and ethnic representatives in Rakhine and Chin. In addition, we already engaged with the community based organisations who are working for the Rohingya community in Rakhine State and border area. Emergency

Page 1 of 2



relief operations have been started and will raise the support accordingly based on the findings of initial assessments.

We welcome the international actors to collaborate with EOCC for providing relief assistances and rescue mission to the vulnerable community in Myanmar.

The initial situation report is released together with this call and you may reach us at mohadm@nugmyanmar.org and signal number +66 97 089 0918 for any inquires.

****

Page 2 of 2